SAC-M
SPECIAL ADVISORY COUNCIL · MYANMAR

**Special Advisory Council for MYANMAR**

# ကမ္ဘာ့ကုလသမဂ္ဂ နှင့် အာဆီယံအနေဖြင့် စစ်ကောင်စီ၏ သေဒဏ်စီရင်ခြင်းအပေါ် တုန့်ပြန်ဆောင်ရွက်မှု ပြုရမည်။

နေ့စွဲ ။ ။ ၂၅၊ ဇူလိုင်လ၊ ၂၀၂၂။

နိုင်ငံရေးအကျဉ်းသားများအား သေဒဏ်စီရင်ခြင်းသည် စစ်ကောင်စီမှ ၎င်းတို့၏ ရှင်သန်ရပ်တည်နိုင်ရေး သေချာစေရန် အတွက် လုပ်ဆောင်သော စက်ဆုပ်ရွံရှာဖွယ်လုပ်ရပ်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အနေဖြင့် မြန်မာနိုင်ငံသားများအပေါ် ရက်ဖွယ်ကောင်းသည့် တာဝန်မကျေမှုများကို ရပ်တန့်ကာ စစ်အာဏာရှင်အား တိကျသေချာသည့် အရေးယူမှုများပြုလုပ်သင့်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ ပြောကြားသည်။

ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူများဖြစ်သော ကျော်မင်းယု (ခ) ကိုဂျင်မီ နှင့် လွှတ်တော်ကိုယ်စားလှယ်ဟောင်း တစ်ဦးဖြစ်သော ဖြိုးဇေယျာသော် အပါအဝင် အခြားအမျိုးသားနှစ်ဦးဖြစ်သည့် လှမျိုးအောင် နှင့် အောင်သူရဇော်တို့အား အကျဉ်းထောင်တွင် ကွပ်မျက်ခဲ့ကြောင်းကို မြန်မာစစ်တပ်ပိုင် ဝါဒဖြန့် သတင်းဌာနမှ ယနေ့တွင် ဖော်ပြခဲ့သည်။ ၂၀၂၂ ခုနှစ် ဇွန်လတွင် သေဒဏ်ပေးခြင်းနှင့် ပက်သက်၍ ၎င်း၏ အစီအစဉ်များကို စစ်တပ်မှ ပထမအကြိမ်ကြေညာခဲ့သည်။

ထိုသူလေးဦးအား တရားမျှတမှုဆိုင်ရာ နိုင်ငံတကာစံချိန်စံနှုန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆန့်ကျင်၍ စစ်ခုံရုံးမှ သေဒဏ်ချမှတ်ခဲ့သည်။ မြန်မာနိုင်ငံတွင် စစ်အာဏာရှင်ထိန်းချုပ်မှုအောက်ရှိ တရားရုံးများသည် အမှီအခိုကင်းမဲ့သော ခုံရုံးများ မဟုတ်ပဲ စစ်အာဏာရှင်၏ အကျိုးစီးပွားအတွက်သာ လည်ပတ်လုပ်ဆောင်လျက်ရှိသည်။

**"စစ်တပ်က နှစ်ပေါင်းခြောက်ဆယ်အတွင်း ထောင်ပေါင်းများစွာသော မြန်မာနိုင်ငံသားတွေကို သတ်ဖြတ်ခဲ့ပြီး ဒီစီရင်မှုက လတ်တလော ဖြစ်ပျက်ခဲ့တဲ့ ကိစ္စပေါ့။"** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ Chris Sidoti က ပြောကြားခဲ့သည်။ **"ဒါပေမယ့် ဒီသေဒဏ်စီရင်မှုမှာ ရွံစရာကောင်းတဲ့ကိစ္စက စစ်တပ်ရဲ့ တရားရုံးတွေဟာ တရားမျှတမှု မရှိ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ သွေဖယ်နေတဲ့ ခုံရုံးတစ်ခုဖြစ်ပေမယ့် စစ်တပ်အနေနဲ့ တရားစီရင်ရေးဆိုင်ရာ အခွင့်အာဏာရှိတယ်ဆိုတာ ပြဖို့အတွက် သိက္ခာမဲ့တဲ့ ပြောင်ကျကျလုပ်ဆောင်ချက်တစ်ခုဖြစ်တယ်။ ဒါပေမယ့် ဘယ်သူမှတော့ သူတို့လှည့်စားတာ မခံရဘူး။"**

မြန်မာစစ်တပ်အနေဖြင့် လွန်ခဲ့တဲ့ ၁၈ လ က အောင်မြင်မှုမရှိသော အာဏာသိမ်းမှုတစ်ရပ်ကို ပြုခဲ့သည့်အချိန်မှစ၍ ဒီမိုကရေစီအရေး ခုခံတွန်းလှန်မှုများကို အရေးနိမ့်လျက်ရှိသည်။ စစ်အာဏာရှင်သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်၍ အနည်းဆုံး နိုင်ငံရေးအကျဉ်းသား ၁၁၇၅၉ ဦးကို ဖမ်းဆီးထောင်ချခဲ့ပြီး ထိုအထဲမှ ၁၁၄ ဦးမှာ သေဒဏ်ချမှတ်ခံခဲ့ရသည်။ စစ်တပ်အကျဉ်းစခန်းများ၌ စနစ်တကျ ညှဉ်းပမ်းနှိပ်စက်မှုများရှိပြီး တစ်ခါတစ်ရံ အသက်သေဆုံးရခြင်းများရှိကြောင်း ယုံကြည်ရသည့် အစီရင်ခံစာများမှ ဖော်ပြလျက်ရှိသည်။

နိုင်ငံအနှံ့အပြား ဒီမိုကရေစီအရေး ခုခံတော်လှန်မှုများကို နှိမ်နင်းရန်အတွက် စစ်တပ်မှ လူ့အခွင့်အရေး ချိုးဖောက်မှုများအား များစွာ ကျူးလွန်လျက်ရှိနေသော်လည်း မြန်မာနိုင်ငံရှိ ကာလကြာရှည်တည်ဆောက်ထားသော စစ်တပ်လွှမ်းမိုးသည့် စနစ်အား နိုင်ငံတဝှမ်း တော်လှန်ပုန်ကန်နေမှုကို ချေမှုန်းနိုင်ခြင်း မရှိပေ။

**"စစ်အာဏာရှင်က ရိုင်းစိုင်းယုတ်မာမှုတွေကို လုပ်ဆောင်နေတယ်။ ဒီလူလေးဦးကို ခုခံခွင့်မပေးပဲ သေဒဏ်စီရင်တာက အာဏာရှင်ကို ဆန့်ကျင်တဲ့သူတွေအားလုံးရဲ့ နှလုံးသားထဲကို ကြောက်စိတ်ထည့်ပေးဖို့ လုံးဝရည်ရွယ်တာပဲ။ ဒါက ကုလသမဂ္ဂရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အကြမ်းဖက်တိုက်ခိုက်မှုပဲ။"** ဟု Marzuki Darusman က ပြောကြားခဲ့သည်။ **"စစ်အာဏာရှင်ဟာ မြန်မာအရပ်သားပြည်သူတွေကို တိုက်ခိုက်ချေမှုန်းနေတဲ့ အင်အားကြီးလက်နက်ကိုင်အစုအဖွဲ့တစ်ခုဖြစ်တယ်။ ဒါကြောင့် ဒီသေဒဏ်စီရင်မှုက သက်သေပြနေတဲ့ ဆိုးရွားတဲ့ အကြမ်းဖက်မှုတွေအတွက် အဓိက တာဝန်ရှိတဲ့သူတွေ ဖြစ်တယ်။ စစ်အာဏာရှင် နားမလည်တာက သူတို့ရဲ့ ရက်စက်မှုတိုင်းက တစ်နိုင်ငံလုံးရဲ့ အာဏာရှင်ကို အနိုင်ရလိုစိတ်ကို ပိုမိုခိုင်မာအားကောင်းစေတာပါပဲ။"**

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ရှက်ဖွယ်ကောင်းလောက်အောင်ပင် စစ်အာဏာရှင်၏ အလွန်ဆိုးရွားပြီး အရှိန်မြှင့်လုပ်ဆောင်နေသော အကြမ်းဖက်မှုများမှ မြန်မာနိုင်ငံသားများအား ကာကွယ်ပေးနိုင်ခြင်း မရှိပေ။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အနေဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အား တရားဝင်အသိအမှတ်ပြုရန် နှောင့်နှေး ကြန့်ကြာလျက်ရှိသည်။ အခြေအနေပြင်းထန်လျက်ရှိပြီး နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် ခြိမ်းခြောက်လျက်ရှိသော်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ မြန်မာနိုင်ငံအတွက် အဆိုပြုချက်တစ်ခုကိုပင် ဆွေးနွေးဆုံးဖြတ်နိုင်ခြင်း မရှိသေးပေ။

၂၀၂၁ ခုနှစ် ဧပြီလတွင် စစ်အာဏာရှင်ခေါင်းဆောင်မင်းအောင်လှိုင်နှင့် သဘောတူညီချက်ရရှိခဲ့သော အာဆီယံ၏ ဘုံသဘောတူညီချက် (၅)ချက်မှာလည်း စစ်အာဏာရှင်မှ လက်တွေ့အကောင်အထည်ဖော် လုပ်ဆောင်မှု မရှိသဖြင့် ကျရှုံးမှုတစ်ခုသာ ဖြစ်ခဲ့သည်။ လက်ရှိ အာဆီယံ၏ ဥက္ကဋ္ဌဖြစ်သော ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်မှ သေဒဏ်ပေးမည့် အစီအစဉ်အား ဆက်လက်ဆောင်ရွက်ခြင်း မပြုရန်အတွက် မင်းအောင်လှိုင်ထံသို့ လူသိရှင်ကြား စာရေးပေးပို့ခဲ့သည်။ သို့ရာတွင် အစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်ခဲ့ခြင်းဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ ၎င်း၏ ရက်စက်ယုတ်မာမှုများအား တားဆီးနိုင်သည့် သံတမန်ရေး ဩဇာအာဏာမရှိကြောင်းကို မင်းအောင်လှိုင်မှ လက်တွေ့ပြသခဲ့သည်။

**"မြန်မာနိုင်ငံရဲ့ ကပ်ဘေးအတွက် ချဉ်းကပ်မှုပုံစံအသစ် ဖြစ်သင့်တာကြာပြီ။"** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးအဖွဲ့မှ Yanghee Lee မှ ပြောကြားခဲ့သည်။ **"မြန်မာနိုင်ငံသားတွေအတွက် နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ပျက်ကွက်မှုတွေက ဆက်ဖြစ်လို့မရတော့ဘူး။ မင်းအောင်လှိုင်နဲ့ သူ့ရဲ့ တရားမဝင် ယုတ်မာရက်စက်တဲ့ စစ်ကောင်စီဟာ ကျိုးကြောင်းဆီလျော်စွာနဲ့ နားလည်အောင် ရှင်းပြလို့ရတဲ့သူတွေ မဟုတ်ဘူး။ ကုလသမဂ္ဂနဲ့ အာဆီယံအနေနဲ့ ဒီကပ်ဘေးကို အဆုံးသတ်ဖို့အတွက် စစ်ကောင်စီအပေါ် ဖိအားတွေ တတ်နိုင်သမျှပေးဖို့ လိုအပ်တယ်။"**

အမျိုးသားညီညွတ်ရေးအစိုးရကို အသိအမှတ်ပြုရန် မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီမှ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ အားလုံးကို တိုက်တွန်းသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ တင်သွင်းမည့် မြန်မာနိုင်ငံနှင့်ပက်သက်သော ဆုံးဖြတ်ချက်ကို ချမှတ်သင့်သည်။ နိုင်ငံတကာရာဇဝတ်ခုံရုံး၏ ရောမပြဋ္ဌာန်းဥပဒေစာချုပ် (Rome Statues) အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း မြန်မာနိုင်ငံ၏ အခြေအနေများအား ရုံးတော်သို့ တင်သွင်းသင့်သည်။ နိုင်ငံတကာရာဇဝတ်ခုံရုံးအနေဖြင့် အရေးယူဆောင်ရွက်နိုင်ခြင်းမရှိပါက အထွေထွေညီလာခံ သို့မဟုတ် လူ့အခွင့်အရေးကောင်စီမှ တရားစွဲဆိုမှုလုပ်ငန်းစဉ်အား စတင်နိုင်ရန်နှင့် မင်းအောင်လှိုင်၊ စစ်ကောင်စီခေါင်းဆောင်များနှင့် ၎င်းတို့၏ ခရိုနီများအား ရုံးတင်နိုင်ရန်အတွက် မြန်မာနိုင်ငံဆိုင်ရာအထူးခုံရုံးတစ်ခုကို စတင်ဖော်ဆောင်သင့်ပေသည်။

မင်းအောင်လှိုင်နှင့် အာဏာရှင်စစ်တပ်အား ဘုံသဘောတူညီချက် ငါးရပ်အား လိုက်နာဆောင်ရွက်မှု မရှိခြင်းနှင့် အာဆီယံ ဥက္ကဋ္ဌအဆက်ဆက်၏ ကြိုးပမ်းမှုများအား မထီမဲ့မြင်ပြုမှုတို့၏ နောက်ဆက်တွဲရလဒ်အနေဖြင့် ၎င်းတို့အား အာဆီယံ အစည်းအဝေးများ တက်ရောက်ခွင့်မပြုခြင်းကို ဆက်လက်လုပ်ဆောင်ရန် မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီမှ တောင်းဆိုပါသည်။ အာဆီယံအနေဖြင့် ဤကပ်ဘေးအား ဖြေရှင်းနိုင်ရန်အတွက် နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှု အကူအညီများ အရေးပေါ်ထောက်ပံ့ခြင်းဖြင့် စတင်သည့် လမ်းပြမြေပုံသစ်တစ်ခုကို အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပူးပေါင်း၍ ရေးဆွဲရန် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ တောင်းဆိုပါသည်။